သို့ BCPS မိသားစုများအားလုံး၊

ကြေညာထားခဲ့ပြီးသည့်အတိုင်း၊ လာမည့်ရက်သတ္တပတ်တွင် Chromebook များဖြန့်ဝေပေးမှာဖြစ်ပါသည်။ ကျေးဇူးပြု၍ အောက်တွင်ဖော်ပြထားသောသတင်းအချက်အလက်များကိုသေချာစွာလေ့လာပြီးမှမိသားစုများအတွက်အကောင်းဆုံးရွေးချယ်နိုင်မှာဖြစ်ပါသည်။ အကယ်၍ သင့်ကလေး၌ Spring ကျောင်းပိတ်စဉ်ကယူထားခဲ့သောအသုံးပြု၍ရသော Chromebook ရှိနေသေးတယ်ဆိုရင်၊ ဤလာမည့်ပညာသင်နှစ်တွင်အသုံးပြုနိုင်ပါသည်ဆိုသည့်အကြောင်းပြန်လည်အသိပေးနိုးဆော်အပ်ပါသည်။

- **အလယ်တန်း သို့မဟုတ် အထက်တန်းကျောင်းတက်ရောက်မည့်ကျောင်းသားများသည်ရပ်ဝေးမှသင်ကြားမှု (remote learning) ဖြင့်သင်ယူရမှာဖြစ်သောကြောင့် မိမိတို့နေအိမ်တွင် အသုံးပြု၍ရသော Chromebook မရှိပါက၊** ကျေးဇူးပြု၍သင်၏ ကျောင်းသားသည်စာသင်နှစ်စတင်ရန်အခြားလိုအပ်သောသင်ကြားရေးပစ္စည်းများလက်ခံရရှိကြောင်းသေချာစေရန်၊ အောက်တွင်ဖော်ပြထားသောကျောင်း၏အချိန်ဇယားကိုကြည့်ရှုပါ။ အကယ်၍ဖော်ပြထားသောအချိန်များ၌အဆင်မပြေပါက၊ ရုံးခန်းသို့ဆက်သွယ်ပေးပါ။

- အွန်လိုင်းပညာရေးသင်ကြားမှု (Virtual Academy) တွင်တက်ရောက်မည့်ကျောင်းသားများ မိမိတို့အိမ်တွင်အသုံးပြု၍ရသော Chromebook မရှိပါက၊ အောက်တွင်ဖော်ပြထားသောအချိန်ဇယားကိုကြည့်ရှုပေးပါ။ သင်ထိုနေရာသို့သွားသောအခါ၊ သင့်အနေဖြင့်အွန်လိုင်းပညာရေးတွင်တက်ရောက်မှာဖြစ်ကြောင်းအသိပေးပါ။ အကယ်၍သတ်မှတ်ထားသောအချိန်ဇယားတွင်သင့်အတွက်အဆင်မပြေမှုရှိပါက အွန်လိုင်းသင်ကြားရေးတာဝန်ခံ Kavonna Matthews ထံသို့ အီးမေးလ်အားဖြင့်သော်၎င်း၊ဖုန်းအားဖြင့်သော်၎င်းဆက်သွယ်နိုင်ပါသည်။ virtual_academy@battlecreekpublicschools.org (သို့) ၂၆၉-၄၄၁-၉၁၅၀

- စပိန်ဘာသာစကားဖြင့်အကူအညီလိုအပ်ပါက (၂၆၉) ၄၁၉-၁၉၇၈ သို့ခေါ်ဆိုနိုင်ပါသည်။

- မြန်မာဘာသာစကားဖြင့်အကူအညီလိုအပ်ပါက (၂၆၉) ၆၀၁-၆၀၂ သို့ခေါ်ဆိုနိုင်ပါသည်။

ပြင်ဆင်ထားသည့်နေရာတစ်ခုစီတွင်ပစ္စည်းများဖြန့်ဝေနေစဉ်မိသားစုများအနေဖြင့်ကျောင်းသားများနှင့်မိသားစုများ၏ကျန်းမာရေးကိုသေချာစေရန်အတွက်လုပ်ထုံးလုပ်နည်းများကိုလိုက်နာရပါမည်။ ဤပစ္စည်းများကိုထုတ်ယူရန်ရောက်လာသောအခါ၊ မျက်နှာဖုံးအသုံးပြုပါ၊ လူမှုရေးအကွာအဝေး (social distancing) လမ်းညွှန်ချက်ကိုလည်းလိုက်လျှောက်ရပါမည်။ ပစ္စည်းယူသောအခါ ကားထဲမှာဘဲနေရမှာဖြစ်ပါသည်။

| | Chromebook ထုတ်ယူမည့်<br>နေ့ရက်<br>အလယ်တန်း နှင့် အထက်တန်း | ထုတ်ယူရမည့်နေရာ/ညွှန်ကြားချက် |
|---|---|---|
| **BCCHS** | **ကြာသပတေး၊ ဩဂုတ်လ ၂၀ ရက်**<br>ကျောင်းသားနာမည်နောက်ဆုံးစာလုံးအစဉ်လိုက်<br>● 1:00 - 2:00 p.m. (A - H)<br>● 2:00 - 3:00 p.m. (I - N)<br>● 3:00 - 4:00 p.m. (O - Z)<br>● 6:00 - 8:00 p.m. (Open Pick-up)<br><br>**ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၂၆ ရက်**<br>(ပုံနှိပ် နှင့် အခြားကိရိယာများထုတ်ယူရန်)<br>● 9:00 - 10:00 a.m. (A - H)<br>● 10:00 - 11:00 a.m. (I - N)<br>● 11:00 - 12:00 p.m. (O - Z)<br>● 1:00 - 2:00 p.m. (A - H)<br>● 2:00 - 3:00 p.m. (I - N)<br>● 3:00 - 4:00 p.m. (O - Z) | မိသားစု/ကျောင်းသားများသည်ဘောလုံးအားကစားကွင်းအောက်တွင် ကားမောင်းလာပြီး၊ ကားပေါ်မှမဆင်းဘဲပစ္စည်းများကိုယူနိုင်ပါသည်။ ကျေးဇူးပြု၍ ကားရပ်နားရန်နေရာကို Champion လမ်းရှိဝင်ပေါက်ကို သုံးပါ။ |
| **BC STEM** | **ကြာသပတေး၊ ဩဂုတ်လ ၂၀ ရက်**<br>**နံနက် ၁၁း၀၀ - ညနေ ၅း၀၀ နာရီ**<br><br>**သောကြာနေ့၊ ဩဂုတ်လ ၂၁ ရက်**<br>**နံနက် ၁၀း၀၀ - ညနေ ၆း၀၀ နာရီ** | United way လမ်းရှိ Gym ဝင်ပေါက်ရှိ Battle Creek အထက်တန်းကျောင်းသို့ကားမောင်းပြီး၊ကားပေါ်မှမဆင်းဘဲ၊ ပစ္စည်းယူနိုင်ပါသည်။ |
| **NWMS** | **ဩဂုတ်လ ၂၀ ရက် (၁၀း၀၀ - ညနေ ၆း၀၀) နာရီ**<br>**ဩဂုတ်လ ၂၁ ရက်( ၉း၀၀ - ညနေ ၃း၀၀ နာရီ** | ရှေ့ကားရပ်ရာနေရာကိုဖြတ်ပြီး၊ တံခါးဝင်သောအပေါက်သို့ဝင်ပါ။ ကူညီပေးမည့်ဝန်ထမ်းရှိပါမည်။ |
| **SMS** | **ဩဂုတ်လ ၂၀ ရက် ( ၉း၀၀-၁၁း၀၀) နာရီ**<br>**ဩဂုတ်လ ၂၁ ရက်(၃း၀၀-၅း၀၀) နာရီ**<br>**ဩဂုတ်လ ၂၁ ရက်(၃း၀၀-၆း၀၀) နာရီ** | အဆောက်အဦးအရှေ့မှဝင်ပါ။ ကူညီပေးမည့် ဝန်ထမ်းရှိပါမည်။ |
| **WKP** | **ဩဂုတ်လ ၂၁ ရက်(၉း၀၀-၃း၀၀) နာရီ** | Gymnasium ခန်းမ နေရာတွင်ယူနိုင်ပါသည်။ |